

## သုံးစွဲသူဆိုင်ရာ ပရိုဂရမ်များ

သင်၏ ဝန်ဆောင်မှုဆိုင်ရာ အသုံးစရိတ် ငွေတောင်းခံလွှာများကို စီမံခန့်ခွဲရာတွင် ကူညီပေးနိုင်ရန်အတွက် ဒီဇိုင်းထုတ်ထားသော ပြည်နယ်နှင့် ဖက်ဒရယ် ပရိုဂရမ်များ

## သင်၏ ငွေတောင်းခံလွှာများကို ပေးဆောင်ရန်အတွက် အကူအညီပေးခြင်း

ပစိဖိတ် ဓာတ်ငွေ့နှင့် လျှပ်စစ် ကုမ္ပဏီ၊ တောင်ပိုင်းကယ်လီဖိုးနီးယား အက်ဒီဆင်၊ ဆန်ဒီယေဂို ဓာတ်ငွေ့နှင့် လျှပ်စစ်ကုမ္ပဏီ၊ နှင့် တောင်ပိုင်းကယ်လီဖိုးနီးယားဓာတ်ငွေ့ကုမ္ပဏီတို့တွင် သင့်ငွေတောင်းခံလွှာများကို စီမံခန့်ခွဲရာတွင် ကူညီပေးနိုင်သော ငွေပေးချေမှုဆိုင်ရာ အကူအညီပရိုဂရမ်များနှင့် ငွေပေးချေမှုအစီအစဉ်များလည်း ရှိနိုင်ပါသည်။ သင့်ငွေတောင်းခံလွှာ၏ ရှေ့စာမျက်နှာတွင် ရိုက်နှိပ်ထားသော သုံးစွဲသူဝန်ဆောင်မှုဖုန်းနံပါတ်ကို အသုံးပြု၍ ဝန်ဆောင်မှုပေးဆောင်သူထံသို့ တိုက်ရိုက်ဆက်သွယ်ပါ။ ငွေပေးချေမှုဆိုင်ရာ အစီအစဉ်ကို ညှိနှိုင်းရာတွင် အကူအညီလိုအပ်ပါက CPUC ၏ သုံးစွဲသူရေးရာဌာနခွဲ 1-800- 649-7570 သို့ ဆက်သွယ်ပါ။ ရေပေးဝေမှုဝန်ဆောင်မှုအား သုံးစွဲသူများသည် ရေဝန်ဆောင်မှုပိတ်ခါနီးအချိန်အထိ ငွေပေးချေမှုအစီအစဉ်များအတွက် အရည်အချင်းပြည့်မီနိုင်ပါသည်။ ထို့အပြင် ရေပေးဝေမှု ကုမ္ပဏီကြီးများသည် စစ်တပ်မိသားစုများအတွက် ငွေပေးချေမှု အစီအစဉ်များကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ အခြားသောထပ်ဆောင်း အချက်အလက်များအတွက် သင်၏ ရေပေးဝေမှုကုမ္ပဏီသို့ ဆက်သွယ်ပါ။

ကယ်လီဖိုးနီးယား အများပြည်သူသုံး ဝန်ဆောင်မှုကော်မရှင် (CPUC) သည် သင့်အား သင့် ဝန်ဆောင်မှု အသုံးစရိတ် ငွေတောင်းခံလွှာများကို စီမံခန့်ခွဲရာတွင် ကူညီနိုင်ရန် ဒီဇိုင်းထုတ်ထားသော ပြည်နယ်နှင့် ဖက်ဒရယ် ပရိုဂရမ်များစွာရှိကြောင်း သိစေလိုပါသည်။ ထိုပရိုဂရမ်များတွင်-

- California LifeLine
- နားမကြားနှင့် မသန်စွမ်း ဆက်သွယ်ရေးဆိုင်ရာ အစီအစဉ် (DDTP)
- ကယ်လီဖိုးနီးယား စွမ်းအင်အတွက် အခြားနှုန်းထားများ (CARE)
- စွမ်းအင်ချွေတာရေး အကူအညီ ပရိုဂရမ်
- ဝင်ငွေနည်းသော အိမ်များအတွက် အိမ်သုံးစွမ်းအင်အကူအညီအစီအစဉ် (LIHEAP)
- မိသားစုသုံး လျှပ်စစ်နှုန်းထားဆိုင်ရာ အကူအညီ (FERA)
- Medical Baseline
- Water Company Assistance(ရေပေးဝေမှု ကုမ္ပဏီ အကူအညီ)

**ဤသုံးစွဲသူဆိုင်ရာ ပရိုဂရမ်များအကြောင်းနှင့် ပက်သက်၍ အခြားသော အချက်အလက်များအတွက်-**

**သွားရောက်လေ့လာရန်-** www.cpuc.ca.gov/team-and-changes

**အီးမေးလ်-** teamandchanges@cpuc.ca.gov

*ဆက်လက်၍*

California Public Utilities Commission

505 Van Ness Ave.
San Francisco, CA
94102

800-848-5580
(ခေါ်ဆိုခအခမဲ့)

cpuc.ca.gov

# ဆက်သွယ်ရေးအကူအညီ

## California LifeLine

California LifeLine ပရိုဂရမ်သည် အရည်အချင်းပြည့်မီသော အိမ်ထောင်စုများအတွက် လျှော့စျေး အိမ်ယာ သို့မဟုတ် ဆဲလ်ဖုန်းဝန်ဆောင်မှုကို ပေးဆောင်ပါသည်။ အိမ်ထောင်စုများသည် နည်းလမ်းနှစ်မျိုးဖြင့် အရည်အချင်းပြည့်မီနိုင်သည်- **(၁)** ဝင်ငွေအားဖြင့် သို့မဟုတ် **(၂)** အရည်အချင်းပြည့်မီသော ပြည်သူ့အကူအညီအစီအစဉ်တွင် ပါဝင်ခြင်းတို့ဖြစ်ပါသည်။

**(1)** ဝင်ငွေအားဖြင့်- အောက်ဖော်ပြပါ ကန့်သတ်ချက်များနှင့် တူညီသော သို့မဟုတ် နည်းပါးသောစုစုပေါင်းအိမ်ထောင်စုဝင်ငွေရှိသော အိမ်ထောင်စုများသည် အရည်အချင်းပြည့်မီနိုင်သည်-

| | |
|---|---|
| မိသားစုဝင် ၁ ဦး | $23,400 |
| မိသားစုဝင် ၂ ဦး | $31,700 |
| မိသားစုဝင် ၃ ဦး | $40,000 |
| မိသားစုဝင် ၄ ဦး | $48,400 |
| ထပ်ဆောင်း မိသားစုဝင်တစ်ဦးစီအတွက် | $8,400 |

*ဝင်ငွေကန့်သတ်ချက်များသည် ဇွန်လ 1 ရက်၊ 2024 ခုနှစ်မှ မေလ 31 ရက်၊ 2025 ခုနှစ်အထိသာ ဖြစ်ပါသည်။*

**(2)** အရည်အချင်းပြည့်မီသော ပြည်သူ့အကူအညီအစီအစဉ်တွင် ပါဝင်ခြင်းအတွက် အနည်းဆုံး အိမ်ထောင်စုဝင်တစ်ဦးမှ အရည်အချင်းပြည့်မီသော ပြည်သူ့အကူအညီအစီအစဉ်တွင် စာရင်းသွင်းပါက ထိုအိမ်ထောင်စုသည်လည်း အရည်အချင်းပြည့်မီနိုင်ပါသည်။ ပရိုဂရမ်စာရင်းအတွက်၊ **www.cpuc.ca.gov/LifeLine** သို့ ဝင်ရောက်ကြည့်ရှုပါ။

လူမျိုးစုနယ်မြေများအတွက် မြှင့်တင်ထားသော LifeLine သည် ပြည်ထောင်စုအသိအမှတ်ပြု လူမျိုးစုမြေများပေါ်တွင် နေထိုင်သည့် အရည်အချင်းပြည့်မီသော အိမ်ထောင်စုများကို ထပ်ဆောင်းအပိုလျှော့စျေးများဖြင့် ပံ့ပိုးပေးပါသည်။

လျှောက်ထားရန်အတွက်၊ သင့်တယ်လီဖုန်းကုမ္ပဏီသို့ ဖုန်းခေါ်ဆိုပါ သို့မဟုတ် California LifeLine စင်တာအား **866-272-0349** တွင်ခေါ်ဆိုခြင်းဖြင့် အခြားသောထပ်ဆောင်းအချက်အလက်များကို ရယူပါ။

## နားမကြားနှင့် မသန်စွမ်း ဆက်သွယ်ရေးဆိုင်ရာ အစီအစဉ် (DDTP)

DDTP သည် အကြားအာရုံ၊ အမြင်အာရုံ၊ လှုပ်ရှားမှု၊ သိမြင်နိုင်စွမ်းနှင့် စကားပြောချို့ယွင်းမှုများရှိသူတစ်ဦးချင်းစီအတွက် အထူးပြုထားကာ ရနိုင်သော ဆက်သွယ်ရေးကိရိယာများနှင့် ဝန်ဆောင်မှုများကို ပံ့ပိုးပေးပါသည်-

### ကယ်လီဖိုးနီးယား တယ်လီဖုန်း အသုံးပြုခွင့် အစီအစဉ်

တယ်လီဖုန်းအသုံးပြုရာတွင် အခက်အခဲရှိသူများဟု အသိအမှတ်ပြုထားသူများအား အထူးပြုထားကာ နားလည်ရန်လွယ်ကူသော ဆက်သွယ်ရေးကိရိယာများကို ဖြန့်ဝေပေးပါသည်။ အရည်အချင်းပြည့်မီသော သုံးစွဲသူများအတွက် စက်ပစ္စည်းကို အခကြေးငွေ မယူဘဲ ရရှိနိုင်ပါသည်။

### ကယ်လီဖိုးနီးယား ထပ်ဆင့် ဝန်ဆောင်မှု (CRS)

တယ်လီဖုန်းဖြင့် ဆက်သွယ်လိုသော နားမကြားသူများ၊ အကြားအာရုံ ခက်ခဲသော သို့မဟုတ် စကားပြောဆိုမှု အားနည်းနေသူများကြား တယ်လီဖုန်းပြောဆိုမှုကို အပြန်ပြန်အလှန်လှန် ဆက်သွယ်ပေးသည့် အထူးလေ့ကျင့်ထားသည့် အော်ပရေတာများကို ပံ့ပိုးပေးထားပါသည်။

### အချိန်နှင့်တပြေးညီ စာပို့ခြင်း (RTT)

ဖုန်းပြောဆိုနေစဉ်အတွင်း စာမှတဆင့် အချိန်နှင့်တပြေးညီ ဆက်သွယ်ရန်နည်းလမ်းကို ပံ့ပိုးပေးပါသည်။ နားမကြားသူများ၊ အကြားအာရုံ အခက်အခဲရှိသူများ သို့မဟုတ် စကားပြောရန် အခက်အခဲရှိသူများကဲ့သို့သော ဆက်သွယ်ရေးအတားအဆီးများကို ရင်ဆိုင်ရသူများအတွက် အကျိုးရှိစေရန် ဒီဇိုင်းထုတ်ထားပါသည်။



### Real Conference Captioning (RCC)

နားမကြားသူ၊ အကြားအာရုံ ခက်ခဲသော သို့မဟုတ် စကားပြောဆိုမှု အားနည်းနေသူများနှင့် တယ်လီဖုန်းဖြင့် ဆက်သွယ်လိုသူအားလုံးကြားတွင် တယ်လီဖုန်းပြောဆိုမှုများကို အပြန်အလှန်အပြန်ပြန်အလှန်လှန်ပြောဆိုနိုင်ရန် အထူးလေ့ကျင့်ထားသည့် အော်ပရေတာများကို ပံ့ပိုးပေးထားပါသည်။

### စကားပြောခြင်းမှ စကားပြောခြင်းသို့ ထပ်ဆင့်ဝန်ဆောင်မှု (STS)

နားမကြားသူ၊ အကြားအာရုံ ခက်ခဲသော သို့မဟုတ် စကားပြောဆိုမှု အားနည်းနေသူများနှင့် တယ်လီဖုန်းဖြင့် ဆက်သွယ်လိုသူအားလုံးကြားတွင် တယ်လီဖုန်းပြောဆိုမှုများကို အပြန်အလှန်အပြန်ပြန်အလှန်လှန်ပြောဆိုနိုင်ရန် အထူးလေ့ကျင့်ထားသည့် အော်ပရေတာများကို ပံ့ပိုးပေးထားပါသည်။

### အသံရွေးချယ်မှု ပရိုဂရမ် (VO)

ကယ်လီဖိုးနီးယားပြည်နယ် ပြန်လည်ထူထောင်ရေးဌာန၏ နားမကြားနှင့် မသန်စွမ်း ဆက်သွယ်ရေး အစီအစဉ်နှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည် စကားမပြောနိုင်သော အရည်အချင်းပြည့်မီသည့် ကယ်လီဖိုးနီးယားနိုင်ငံသားများအတွက် စကားပြောဆိုရန် ကိရိယာတစ်ခုကို ပေးဆောင်ပါသည်။

လျှောက်ထားရန်အတွက်၊ DDTP **1-800-806-1191** (Voice) သို့ ဆက်သွယ်ပါ သို့မဟုတ် အင်္ဂလိပ် TTY- **1-800-806-4474**၊ စပိန် TTY- **1-844-867-1135**၊ Fax- **1-800-889-3974**, or online at **info@caconnect.org**.

# စွမ်းအင်အကူအညီ

## ကယ်လီဖိုးနီးယား စွမ်းအင်အတွက် အခြားနှုန်းထားများ (CARE)

CARE ပရိုဂရမ်သည် အောက်ဖော်ပြပါ ကန့်သတ်ချက်များနှင့် တူညီသော သို့မဟုတ် နည်းပါးသော စုစုပေါင်းအိမ်ထောင်စုဝင်ငွေရှိသော သုံးစွဲသူများအတွက် လျှပ်စစ်ဘေလ်များ နှင့် သဘာဝဓာတ်ငွေ့ဘေလ်များအတွက် 20-35% မှ လျှော့စျေးများကို ပေးဆောင်ပါသည်-

| | |
|---|---|
| မိသားစုဝင် ၁ ဦးမှ ၂ ဦး | $40,880 |
| မိသားစုဝင် ၃ ဦး | $51,640 |
| မိသားစုဝင် ၄ ဦး | $62,400 |
| မိသားစုဝင် ၅ ဦး | $73,160 |
| မိသားစုဝင် ၆ ဦး | $83,920 |
| မိသားစုဝင် ၇ ဦး | $94,680 |
| မိသားစုဝင် ၈ ဦး | $105,440 |
| ထပ်ဆောင်း တစ်ဦးစီအတွက် | $10,760 |

*ဝင်ငွေကန့်သတ်ချက်များသည် ဇွန်လ 1 ရက်၊ 2024 ခုနှစ်မှ မေလ 31 ရက်၊ 2025 ခုနှစ်အထိသာ ဖြစ်ပါသည်။*

အခြားသော ထပ်ဆောင်းအချက်အလက်များအတွက် သို့မဟုတ် စာရင်းသွင်းရန်အတွက်၊ သင်၏ဝန်ဆောင်မှုကို ဆက်သွယ်ပါ။

## စွမ်းအင်ချွေတာရေး အကူအညီ ပရိုဂရမ်

စွမ်းအင်ချွေတာရေးအကူအညီပရိုဂရမ်သည် CARE ဝင်ငွေလမ်းညွှန်ချက်များနှင့်ကိုက်ညီသော ဝင်ငွေနည်းအိမ်ထောင်စုများအား ကုန်ကျစရိတ်မရှိသော ရာသီဥတုဒဏ်ခံခြင်းဆိုင်ရာ ဝန်ဆောင်မှုများကို ပေးဆောင်ပါသည်။ ဝန်ဆောင်မှုအချို့တွင် ထပ်ခိုးကာရံခြင်း၊ စွမ်းအင်သက်သာသောရေခဲသေတ္တာများ၊ စွမ်းအင်သက်သာသောမီးလင်းဖိုများ၊ ရာသီဥတုဒဏ်ကာကွယ်သော တိတ်ကပ်ခြင်း၊ နံရံအကွဲများ ဖြည့်ခြင်း၊ စီးဆင်းမှုနည်းသောရေချိုးခန်း ရေပန်းခေါင်းများ၊ ရေပူပေးသည့်စက်အား အကူအညီပေးသည့်စောင်များနှင့် တံခါးနှင့် အဆောက်အဦးအကာအကွယ်များအကြား ပြုပြင်ကာ ပြင်ပလေဝင်ရောက်မှုကို တားဆီးခြင်းများ ပါဝင်ပါသည်။ အခြားသော ထပ်ဆောင်းအချက်အလက်များအတွက် သို့မဟုတ် စာရင်းသွင်းရန်အတွက်၊ သင်၏ ဝန်ဆောင်မှုကို ဆက်သွယ်ပါ။

## ဝင်ငွေနည်းသော အိမ်များအတွက် အိမ်သုံးစွမ်းအင်အကူအညီအစီအစဉ် (LIHEAP)

ကယ်လီဖိုးနီးယား၏ ရပ်ရွာဝန်ဆောင်မှုများနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာန (CSD) သည် ဖက်ဒရယ်ဝင်ငွေနည်းသော အိမ်သုံးစွမ်းအင်အကူအညီ၊ စွမ်းအင်အကျပ်အတည်း ကြားဝင်မှုနှင့် LIHEAP ဟုလူသိများသော ဝင်ငွေနည်းသော မိုးလေဝသအစီအစဉ်များကို စီမံခန့်ခွဲပါသည်။ ဤပရိုဂရမ်များကို အရည်အချင်းပြည့်မီသော သုံးစွဲသူများသည် ၎င်းတို့၏ ရာသီဥတုဒဏ်ခံခြင်းဆိုင်ရာ ဝန်ဆောင်မှုများနှင့် စွမ်းအင်သုံးစွဲမှု ငွေတောင်းခံလွှာများကို ပေးဆောင်ခြင်းအား ပံ့ပိုးပေးရန်အတွက် ဖက်ဒရယ်ထောက်ပံ့ငွေဖြင့် ရန်ပုံငွေပံ့ပိုးထားပါသည်။ ပိုမိုသိရှိလိုပါက CSD သို့ **800-433-4327** ဖြင့် ဆက်သွယ်ပါ။

## မိသားစုသုံး လျှပ်စစ်နှုန်းထားဆိုင်ရာ အကူအညီ (FERA)

CARE ပရိုဂရမ်၏ ကန့်သတ်ချက်ထက် အနည်းငယ်ကျော်လွန်သော အိမ်ထောင်စုများသည် လျှပ်စစ်ဓာတ်အားသုံးစွဲခအချို့ကို သက်သာသောနှုန်းဖြင့် ပေးဆောင်နိုင်သည့် FERA တွင် စာရင်းသွင်းရန် အရည်အချင်းပြည့်မီနိုင်ပါသည်။ အိမ်ထောင်စုဝင်ငွေ အရည်အချင်းပြည့်မီမှု လိုအပ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| | |
|---|---|
| မိသားစုဝင် ၃ ဦး | $51,641 – $64,550 |
| မိသားစုဝင် ၄ ဦး | $62,401 – $78,000 |
| မိသားစုဝင် ၅ ဦး | $73,161 – $91,450 |
| မိသားစုဝင် ၆ ဦး | $83,921 – $104,900 |
| မိသားစုဝင် ၇ ဦး | $94,681 – $118,350 |
| မိသားစုဝင် ၈ ဦး | $105,441 – $131,800 |
| ထပ်ဆောင်း တစ်ဦးစီအတွက် | $10,760 – $13,450 |

*ဝင်ငွေကန့်သတ်ချက်များသည် ဇွန်လ 1 ရက်၊ 2024 ခုနှစ်မှ မေလ 31 ရက်၊ 2025 ခုနှစ်အထိသာ ဖြစ်ပါသည်။*

FERA ပရိုဂရမ်ကို ပစိဖိတ် ဓာတ်ငွေ့နှင့် လျှပ်စစ် ကုမ္ပဏီ၊တောင်ပိုင်းကယ်လီဖိုးနီးယား အက်ဒီဆင် နှင့် ဆန်ဒီယေဂို ဓာတ်ငွေ့နှင့် လျှပ်စစ် ကုမ္ပဏီ တို့မှ ရရှိနိုင်ပါသည်။ အခြားသော ထပ်ဆောင်းအချက်အလက်များအတွက် သို့မဟုတ် စာရင်းသွင်းရန်အတွက်၊ သင်၏ ဝန်ဆောင်မှုဆိုင်ရာ ကုမ္ပဏီသို့ ဆက်သွယ်ပါ။



## Medical Baseline

Medical Baseline ရှိ သုံးစွဲသူများသည် ၎င်းတို့၏ ဝန်ဆောင်မှုကုမ္ပဏီ၏ လူနေအိမ် အနိမ့်ဆုံးနှုန်းထားဖြင့် သဘာဝဓာတ်ငွေ့နှင့် လျှပ်စစ်အသုံးပြုမှုအတွက် ဘီလ်ကို ပေးဆောင်ပါသည်။ ဤပရိုဂရမ်သည် အသက်ကယ်ကိရိယာများပေါ်တွင် မှီခိုနေရသော သုံးစွဲသူများ၊ သို့မဟုတ် အသက်အန္တရာယ်ရှိသော နာမကျန်းဖြစ်မှုများ သို့မဟုတ် ခုခံအားစနစ် ကျဆင်းနေသူများအတွက် ဖြစ်ပါသည်။ ဤပရိုဂရမ်သည် ဝင်ငွေအား အခြေခံခြင်းမဟုတ်ပါ။

Medical Baselineပရိုဂရမ်ကို ပစိဖိတ် ဓာတ်ငွေ့နှင့် လျှပ်စစ် ကုမ္ပဏီ၊ တောင်ပိုင်းကယ်လီဖိုးနီးယား အက်ဒီဆင်၊ ဆန်ဒီယေဂို ဓာတ်ငွေ့နှင့် လျှပ်စစ်ကုမ္ပဏီ၊ နှင့် တောင်ပိုင်းကယ်လီဖိုးနီးယားဓာတ်ငွေ့ ကုမ္ပဏီတို့တွင် ရရှိနိုင်ပါသည်။ အခြားသော ထပ်ဆောင်းအချက်အလက်များအတွက် သို့မဟုတ် စာရင်းသွင်းရန်အတွက်၊ သင်၏ ဝန်ဆောင်မှုဆိုင်ရာ ကုမ္ပဏီသို့ ဆက်သွယ်ပါ။

# ရေ

## ရေ ပရိုဂရမ်

CPUC သည် ကုမ္ပဏီတစ်ခုစီ၏ ဝန်ဆောင်မှုနယ်မြေနှင့် မတူညီသော ဝင်ငွေကန့်သတ်ချက်များရှိသည့် သီးခြားအကူအညီအစီအစဉ်များကို ပေးဆောင်နိုင်သည့် ပုဂ္ဂလိကပိုင်ရေကုမ္ပဏီများကို စီမံခန့်ခွဲပါသည်။ သုံးစွဲသူပရိုဂရမ်များအကြောင်း သိရှိရန် သင်၏ရေဝန်ဆောင်မှုအား စစ်ဆေးပါ။ ဝင်ငွေကန့်သတ်ချက်များနှင့် ယင်းကဲ့သို့သော အစီအစဉ်များကို ကမ်းလှမ်းသည့် ရေကုမ္ပဏီများစာရင်းဆိုင်ရာ အချက်အလက်များအတွက်၊ ကျေးဇူးပြု၍ www.cpuc.ca.gov/ water-assistance သို့ ဝင်ရောက်ကြည့်ရှုပါ။

California Public Utilities Commission